**နောက်ဆက်တွဲ (ဠ)**

ပုံစံ(၁၆)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

နေ့စွဲ၊ ----------------

## မြေသြဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင်

၁။ -------------------- ရက်စွဲပါလျှောက်လွှာအမှတ် -------------------- ဖြင့် မြေသြဇာဖြန့်ဖြူး ရောင်းချခွင့် လိုင်စင်ရရှိရန် လျှောက်ထားသော အောက်ဖော်ပြပါ မြေသြဇာများကို လိုင်စင်အမှတ် --------------- ဖြင့် မြေသြဇာ ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ(ခ)အရ ဖြန့်ဖြူးရောင်းချခွင့် ပြုလိုက် သည်။

၂။ တာဝန်ခံ လျှောက်ထားသူ၏

(က) အမည် --------------------------------------

(ခ) ကုမ္ပဏီ/လုပ်ငန်းအမည် --------------------------------------

၃။ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် --------------------------------------

နိုင်ငံခြားသား မှတ်ပုံတင်အမှတ် --------------------------------------

၄။ ဖြန့်ဖြူးရောင်းချမည့်ဆိုင်အမည်နှင့်လိပ်စာ -------------------------------------

၅။ ဖြန့်ဖြူးရောင်းချမည့် မြေသြဇာများ

| အမှတ်စဉ် | အမည် | စံချိန်စံညွှန်း အမျိုးအစား | အရွယ်အစား | ထုပ်ပိုးပစ္စည်း | အသားတင်အလေးချိန် |
|---|---|---|---|---|---|
| ၁။ | --------------- | ----------- | ---------- | -------------- | ------- |
| ၂။ | --------------- | ----------- | ---------- | -------------- | ------- |
| ၃။ | --------------- | ----------- | ---------- | -------------- | ------- |
| ၄။ | --------------- | ----------- | ---------- | -------------- | ------- |
| ၅။ | --------------- | ----------- | ---------- | -------------- | ------- |

၆။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့ ------------------------------------------

(ရုံးတံဆိပ်)

တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး
စိုက်ပျိုးရေးဦးစီးဌာန
--------------------- မြို့။

**မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရသူက လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ လိုင်စင်တွင် ဖော်ပြထားသော မြေသြဇာ(များ)ကိုသာ ဖြန့်ဖြူးရောင်းချရမည်။

၂။ လိုင်စင်တွင်ဖော်ပြထားသည့် မြေသြဇာ(များ)အပြင် ထပ်မံ၍မြေသြဇာအသစ်များ ဖြန့်ဖြူး ရောင်းချလိုပါက လျှောက်လွှာ အသစ်တစ်စောင် ထပ်မံတင်ပြလျှောက်ထားရမည်။

၃။ မြေသြဇာအတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းနှင့်ကိုက်ညီခြင်းမရှိသော မြေသြဇာကိုဖြစ်စေ ဖြန့်ဖြူး ရောင်းချခြင်း မပြုရ။

၄။ လိုင်စင်ကို အများမြင်သာသော နေရာတွင် ချိတ်ဆွဲထားရမည်။

၅။ ပြည်တွင်းတွင် သိုလှောင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည်။

၆။ မြေသြဇာများကို လူနေအိမ်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၇။ မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များ ကို ဖော်ပြရမည် -

(၁) တင်သွင်း၊ ထုတ်လုပ်၊ တင်ပို့ မှတ်ပုံတင်လက်မှတ် အမှတ်၊

(၂) အမှတ်တံဆိပ်၊

(၃) မြေသြဇာ၏ အသားတင်အလေးချိန်၊

(၄) အရည်အသွေးအာမခံချက်၊

(၅) မြေသြဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(၆) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်။

(၇) မြန်မာဘာသာဖြင့် ဖော်ပြထားသောသုံးစွဲရန် အညွှန်းစာနှင့်သတိပြုရန် အချက်များ။

(ဇ) လူနှင့်ပတ်ဝန်းကျင်တို့အား အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှုမရှိခြင်း။

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများကဖြစ်စေ၊ စစ်ဆေးရေးအဖွဲ့က ဖြစ်စေ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကိုခံယူရမည့်အပြင် လိုအပ်သည့်အကူအညီ များကိုလည်း ပေးရမည်။

၉။ အရည်အသွေးစစ်ဆေးရန်အတွက် နမူနာတောင်းခံလာပါက နမူနာရယူရန် သတ်မှတ်သည့် နည်းလမ်းအတိုင်း နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို သက်ဆိုင်ရာ ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့က အခမဲ့ရယူခွင့်ပြုရမည်။ ထိုသို့ရယူရာတွင် သက်ဆိုင်ရာ ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့များက နမူနာယူသည့် လက်မှတ်ပုံစံ (၁၂)ဖြင့် ထုတ်ပေးသည့်လက်မှတ်ကို ရယူထားရမည်။

၁၀။ မြေသြဇာများ၏ အာနိသင်အရည်အသွေး စံချိန်စံညွှန်းတို့နှင့် စပ်လျဉ်း၍မမှန်မကန် ကြော်ငြာ ရောင်းချခြင်း မပြုရ။

၁၁။ မြေသြဇာကို လုံခြုံစွာ ထုပ်ပိုးထားရမည်။ ပေါက်ပြဲနေသော မြေသြဇာအိတ်များကို လုံခြုံစွာ ပြန်ထည်ထုပ်ပိုးပြီးမှ ရောင်းချရမည်။